တဲရော့၏ လျှို့ဝှက်ဆန်းကြယ်မှုများဆီသို့ လွယ်ကူစွာ လိုက်နာနိုင်ရန်
ရုပ်ပုံများနှင့်တကွ လမ်းညွှန်ပြထားပါသည်။

## လက်တွေ့အသုံးချ

# တားရော့ ဟောနည်း


ဆရာရန်အောင်ဟိန်း ( B.Sc )



Jonatha Dee

တားရော့

ပထမဆုံး သိမှတ်ဖွယ်ရာများ




## တားရော့ကတ် ဟူသည် မှာ အဘယ်နည်း။

အနာဂတ်ကို ဟောကြားသည့် အနာဂတ်ဟောကတ်အမျိုးအစားပေါင်းများ စွာကို ယနေ့ ကာလ ဈေးကွက်ထဲတွင် ရရှိနိုင်ပါသည် ။

သို့သော် ကတ်အားလုံးကား တားရော့ကတ် မဟုတ်ပါချေ။

တားရော့ကတ်သည် အထူးစီစဉ်ဖွဲ့စည်းထားသော ကတ်အမျိုးအစားဖြစ်၍ ယင်း၏ သမိုင်းကြောင်းကား ကာလရှည်ကြာခဲ့ပါပြီ။ အချို့တို့က တားရော့ကတ်များ သည် ရှေးအီဂျစ် လူ့အဖွဲ့အစည်းမှ ပေါ်ပေါက်လာခဲ့သည် မှာ ဆိုခဲ့ကြပါသည် ။ သို့သော် ကျွန်ုပ်၏ အမြင်တွင် တားရော့ကတ်များ သည် ဥရောပမှ အရင်းခံပေါ်ထွက်ခဲ့ခြင်းဖြစ်သည် ဟု ထင်မြင်မိပါသည် ။ ယင်းမှာ ကရူးဆိတ် စစ်ပွဲကာလများ ကာလမှ များ စွာသော ဂမ္ဘီရဓလေ့ထုံးတမ်းများ ပေါ်တွင် အခြေ တည်ခဲ့ဟန်ရှိပါသည် ။

တားရော့ကတ်ထုပ်သည် ဖဲကစားသည့် မူရင်းကတ်ထုပ်နှင့် တူညီသော သဘောရှိပါသည် ။ ယင်းတို့ နှစ်မျိုးစလုံးတွင် အုပ်စုလေးစုစီရှိကြပြီး(၁)ဂဏန်းမှ (၁၀) ဂဏန်းထိ ရှိသော ကတ်များဖြစ်ကြပါသည် ။ တားရော့ကတ်ထုပ်တွင် ယင်းတို့ ကို သာမန်ကတ်များ (The Minor Acrana) ဟု ခေါ်ပါသည် ။ ကလပ်၊ ဟာ့တ်၊ စပိတ်နှင့် ဒိုင်းမွန်းတို့ အစားတားရော့ကတ်ထုပ်တွင် တုတ်၊ခွက်၊ ဓား၊ ကြယ်ဟု ၍ သတ်မှတ်ထားပါသည် ။

သာမန်ကစားသည့် ကတ်များ နှင့် မတူသည့် အချက်မှာ အုပ်စုတစ်ခုစီတွင် အုပ်ချုပ်မှု ကတ်များ (ခေါ်) တော်ဝင်ကတ်များ အဖြစ်ဘုရင် (King)၊ ဘုရင်မ (Queen)၊ သူရဲကောင်း (Knight) နှင့် မင်းလုလင် (Page) ဟူ၍ ပါရှိခြင်းဖြစ်လေသည် ။ သာမန်ကတ်များ တွင် စုစုပေါင်း ငါးဆယ့်ခြောက်ကတ် ရှိပါသည် ။

တားရော့ကတ်များ တွင် သာမန်ကတ်များ သာမက အပိုကတ်များ အဖြစ် အဓိက ကတ်များ (The Major Acrcana) ဟူ၍ (၂၂)ကတ်အပိုဆောင်း၍ ပါရှိပါသည် ။ ယင်းတို့ သည် အုပ်စုလေးစု အတွင်း၌ မပါရှိ

သော သီးခြားကတ်များ ဖြစ်ကြကာ ကိုယ်ပိုင်နံပါတ်ဂဏန်းများ အသီးသီး ပါရှိလေ သည် ။ ခြွင်းချက်အဖြစ် အရူး (ခေါ်) ဥမ္မတ္တက (The Fool)၊ ကတ်မှာ ဂဏန်းတန်ဖိုး မပါရှိဘဲ ပုံရိပ်သင်္ကေတနှင့် အမည်စာတန်းသာ ပါရှိပါသည် ။

အကယ်၍ ဟောကြားရာတွင် အဓိကကတ်များ ထက် သာမန်ကတ်များကို ပိုမိုတွေ့ရှိရပါက သင့်ကံတရားသည် သင့်လက်ထဲတွင် သာအများဆုံး မှီတည်နေပါလိမ့်မည်။ ထိုသို့မဟုတ်ပါက ကံတရားက သင့်အနာဂတ်ကို ပိုမို စိုးမိုးပေလိမ့်မည်။

ဆက်လက် ဖော်ပြမည့် အခန်းတွင် ကတ်တစ်ခုချင်းစီ၏ အဓိပ္ပာယ်များကို သာမက ယင်းတို့ ကို ဖြန့်ကျက် တွဲစပ်ဟောကြားရန် နည်းလမ်းများကို တတ်နိုင်သမျှ ဖော်ပြသွားပါမည်။ ဝေဖန်ဆန်းစစ်သဘောနှင့် အပျက်သဘောများကို ဖော်ပြသွားမည်ဖြစ်ပါသည် ။ သို့သော်စဦး လေ့လာသူများ အတွက် ကတ်ပြောင်းပြန်သည် အလွန်အခက်တွေ့စေတတ်၍ ဝေဖန်ဆန်း စစ် ရာတွင် ကတ်အတည့်၏ အဓိပ္ပာယ်များကိုသာ ဦးစားပေး၍ ဖော်ပြသွားပါမည်။

******

## အစပြုနည်း

ပ ထ မ ဆ ံုးစ ည ်းမ ျဥ ်းမ ှာ သင့်နှင့် ကတ်များ ရင်းနှီးကျွမ်းဝင်နေအောင်ပြုရမည့် အချက် ဖြစ်သည် ။ ကတ်များမှ ပုံများကို သိအောင်ပြုလုပ်ထားပါ။ ကတ်များကို အကြိမ်ကြိမ် ကုလားဖ

န်ထိုးပေးပါ။ ထို့နောက် ကိုယ်နှင့် မကွာ ဆောင်ထားလိုက်ပါ။ အိပ်ရာဝ
င်သည့် တိုင်အောင် အတူထားရှိခြင်းဖြင့် သင့်ကိုယ်ပိုင်စွမ်းရည်များကူး
စက်စီးဝင်သွားကာ သင်နှင့် တစ်သားတည်းဖြစ် သွားပါလိမ့်မည်။ များ
စွာသော တားရော့ ပညာရှင်ကြီးများက တတ်များကို ပိုးစအနက်နှင့် ထု
ပ်ထားခြင်း (သို့) သစ်သားသေတ္တာလေးတွင်း၌ ထည့်ထားခြင်းပြုရန် ညွှ
န်ကြားတတ်ကြသည် ။ ကျွန်ုပ်ကား အပြာရောင်ပိုးသားအိတ်တွင်း၌ ထ
ည့်ထားလေ့ရှိပါသည် ။ ကျွန်ုပ်သိသလောက်ဆိုရလျှင် တားရော့ပညာရှ
င် အတော်များများက အံဆွဲထဲထည့်သိမ်းထားလေ့ရှိတတ်သည် ။ အ
ရေးကြီးသော အချက်မှာ ကတ်များကို သင်မှ တစ်ပါး သူတစ်ပါးကိုမလို
အပ်ဘဲ ထိတွေ့ခွင့်မပေးခြင်းဖြစ်သည် ။ သင့်အတွက် အထူးထားရှိသော
ပစ္စည်းဖြစ်စေရမည်။

သင့်ခွင့်ပြုချက်မရဘဲ သူတစ်ပါးအားထိတွေ့ကိုင်တွယ်ခွင့်ကတ်ကို
ယူ၍ ဟောကြားခွင့် မပေးရပါချေ။ သူတစ်ပါးက သင်၏ ကတ်များကို
ယူ၍ ဟောကြားခွင့်မပြုနိုင်အောင် အထူးထိန်း သိမ်းထားရမည်။

******




အဓိက ကတ်များ

THE MAJOR ARCANA

အရူး (THE FOOL)

နံပါတ်- မရှိ

## ယူရေးနပ်စ်ဂြိုဟ်စိုးမိုးပြီး၊ လေဓာတ်စိုးမိုးသည် ။

ဤကတ်သည် ဂဏန်းမပါသော ကတ်ဖြစ်သည် ။ ဖဲထုပ်ထဲမှ ၊ ဂျိုကာ (The Joker)နှင့် အလားတူပြီး ဖဲထုပ်ထဲတွင် ဂျိုကာကို တွေ့သည့် နေရာတွင် မည်သည့် ကတ် နေရာမဆို အစားထိုး နိုင်လေသည် ။ အရူးကတ်သည် စိတ်ဓာတ် ဖရိုမရဲဖြစ်ခြင်းနှင့် မမျှော်လင့်ထားသည့် ဖြစ်ပျက်မှုမျိုးကို ဖော်ပြပါသည် ။ ယင်းကတ်သည် မသိခြင်း (မောဟ)နှင့် ပျော်ပျော်နေတတ်ခြင်းတို့ ကိုလည်း ဖော်ပြပါမည်။

နက္ခတ်ဗေဒင်ပညာအရ ဤကတ်ကို လေရာသီက စိုးမိုးထားပြီးလေကဲ့သို့ လွတ်လပ်ခြင်း သဘောကို ဆောင်ယူလေသည် ။ ထို့ပြင် ယူရေးနပ်စ်ဂြိုဟ် စိုးမိုးထားရကား ဂြိုလ်များ တွင် ထူးထူးဆန်းဆန်း အနိုင်ဆုံးသော ဂြိုဟ်ဖြစ်ပေသည် ။

သို့ဖြစ်၍ ဤကတ်သည် ဥပဒေကင်းမဲ့ခြင်း၊ ပင်ကို စွမ်းရည်ရှိခြင်း၊ တီထွင်ဖန်တီးတတ်ခြင်း တို့ ကို ဖော်ပြပါသည် ။

## အဓိပ္ပာယ်

သင်ဘာလုပ်လုပ် သင့်အား ဘာကမှ ဒုက္ခရောက်အောင်မပြုနိုင်ပါချေ။ စွန့်စားလုပ်ဆောင်ပါ။ ဘဝ၏ ကဏ္ဍာသစ်အစပြုပြီ မထင်မှတ်ထားသည် များကို မျှော်လင့်နိုင်သည် ။ သင့်ဘဝတွင်းသို့ ထူးဆန်းသော ပုဂ္ဂိုလ်များ ဝင်ရောက်ပတ်သက်လာတတ်သည် ။

## ပြောင်းပြန်အဓိပ္ပာယ်

အရူး၊ ရူးနှမ်းခြင်း၊ မလုပ်ခင် အသေအချာ ဂရုစိုက်ကြည့်ပါ။

******




## မှော်ပညာရှင်

THE MAGICIAN

## ကတ်-(၁)

## ဗုဒ္ဓဟူးဂြိုလ် စိုးမိုးသည် ။

ယင်းပုံသည် ခရီးလှည့်လည်၍ ဖျော်ဖြေသူ၊ ရုပ်ပြစားသူ၊ (ဥပမာ-အရောင်း စျေးသည် ၊ ဇာတ်မင်းသား) အလယ်ခေတ် ဥရောပသားတို့ တွင် ရှိသော အကျင့်စရိုက်မျိုးရှိသူ၊ လမ်းဘေးတွင် ဆေးဝါးစသည် တို့ ကို လိမ်လည်ရောင်းချသူ၊ ဉာဏ်ပညာရှိသူ၊ ဟိုစပ်စပ် ဒီစပ်စပ် လေ့လာတတ်သူ စသည် တို့ ကို ကိုယ်စားပြုဖော်ပြပါသည် ။ မှော်ပညာရှင် (ဝါ)မျက်လှည့်ဆရာသည် လူစုလူဝေးတွင်း၌ နေလေ့ရှိတတ်ပြီး လူအများ နှင့် ဩဇာအရှိန်အဝါကြီးသူများအား ဆွဲဆောင် နိုင်စွမ်းနှင့် ယုံကြည်လေးစားမှု ခံယူနိုင်စွမ်းရှိသူဖြစ်သည် ။ ကတ်များ တွင် ဤမှော်ပညာရှင် ကတ်ပေါ်ထွက်လာပါက ရှေးဆိုရိုးစကားပုံတစ်ခုအဆိုအရ "လက်မြန်၊ ခြေမြန်နှင့် မျက်စိအောက် တွင် လိမ်လည်လှည့်ဖြားနိုင်သူမျိုးကို သင့်ဘဝတွင် ကြုံတွေ့ရပါလိမ့်မည်"။

မှော်ပညာရှင် (ဝါ) မျက်လှည့်ဆရာသည် ဇာတ်ခုံပေါ်၌ မီးမောင်းများ အောက်တွင် အမြဲတမ်း ပြိုင်ဘက်မရှိ နံပါတ်(၁)ဖြစ်ရပေသည် ။ ယင်းကား အမြင်နှင့် လက်တွေ့ကွာခြားမှုဆီ ဦးတည်သွားစေနိုင်ပေသည် ။ အဘယ်ကြောင့် ဆိုသော် မြင်ကွင်းနောက်တွင် တစ်စုံတစ်ရာ ဖြစ်ပေါ် လာတတ်လေ့ ရှိသောကြောင့် ဖြစ်ပါသည် ။

ဤကတ်၏ ပုံရိပ်က ကိုယ်ပိုင်စွမ်းရည်နှင့် ယုံကြည်မှုကို တဖြည်းဖြည်း ဖြစ်ပေါ်စေပါသည် ။ ဤကတ်သည် အပြုသဘော လုပ်ဆောင်မှု၊ ပုဂ္ဂလသဘောနှင့် ဖန်တီးနိုင်စွမ်းရှိခြင်းတို့ ကို ဖော်ပြပေးပါသည် ။

## အဓိပ္ပာယ်

ယေဘုယျအားဖြင့် ဤကတ်က အသစ်အသစ်တို့ အစပြုဖြစ်ပေါ်ခြင်း၊ စက်ဝန်းသစ် အစပြုခြင်း၊ ကြံရွယ်ချက်ဖြစ်ပေါ်ခြင်း၊ စိတ်စွမ်းအားနှင့် လျှို့ဝှက်အသိပညာကို စတင်သင်ယူခွင့်ကြုံခြင်းတို့ ကို ဖော်ပြပါသည် ။ မော်ပညာရှင် (ဝါ) မျက်လှည့်ဆရာကတ်သည် စွန့်စားလုပ်ဆောင် မှုကြီး တစ်ရပ်ကိုအသစ်တစ်ဖန် ပြုလုပ်ရမည်ကို အရေးတကြီးညွှန်ပြပေသည် ။

## ပြောင်းပြန်အဓိပ္ပာယ်

လှည့်စားခြင်း၊ လိမ်လည်ခြင်းတို့ သည် မော်ပညာရှင် (ဝါ) မျက်လှည့်ဆရာကတ်၏ အပျက်သဘောဘက်မှ အဓိပ္ပာယ်ဖြစ်သည် ။ သင်ယုံကြည်ရသည် ဟူသော နေရာ၊ လူပုဂ္ဂိုလ်များကို အထူးဂရုစိုက်ဆန်းစစ်ရန် လိုပါသည် ။

******




သီလရှင်ဂိုဏ်းချုပ်ကြီးကတ်

THE HIGH PRIESTESS

ကတ်(၂)

တနင်္လာဂြိုလ် စိုးမိုးသည်။

အမျိုးသမီးပုပ် (Female Pope) ဖြစ်သည် ။ အပြာရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသော အမျိုးသမီးပညာရှိသည် အပျိုစင် မေရီ(ဝါ) သီလရှင်၏ အဖြစ်ကို ပြန်လည် အမှတ်ရနေခြင်း ဖြစ်သည် ။ များ စွာသောတားရော့ကတ်ထုပ်များ တွင် သူမသည် ကတ်နံပါတ် (၅) ရဟန်းမင်းကြီးကတ်တွင် ကဲ့သို့ သရဖူသုံးဆင့်ကို ဆင်မြန်းထားတတ် သော်လည် ဤနေရာတွင် (ဤကတ်ထုပ်တွင် ) သူမသည် အိုက်ဇစ် နတ် ဘုရားမ ကဲ့သို့ဦးချိုသဏ္ဍာန် သရဖူကို ဝတ်ဆင်ထား လေသည် ။

သူမသည် "တိုရာ" (Tora) မည်သော စာရွက်လိပ်ကို ကိုင်ဆောင် ထားပြီး ဖြတ်တောက် ခြင်းနှင့် ကရုဏာတရားကို ကိုယ်စားပြုသည့် တို င်နှစ်တိုင်ကြားတွင် ထိုင်နေလေသည် ။ သူမ၏ ဝတ်ရုံရှည်ကြီးတွင် သ လဲသီးသဏ္ဍာန်များ ပါရှိခြင်းက အသက် (Life) နှင့် သေခြင်း (death) တို့ ၏ လျှို့ဝှက်ဆန်းကြယ်မှုကို ဖော်ညွှန်းပြထားခြင်းဖြစ်သည် ။ ယင်းက အပျိုစင် ဖြစ်ခြင်းကိုလည်း သင်္ကေတပြု ဖော်ပြလေသည် ။ ထို့ကြောင့် အပျိုစင် လစန္ဒာနတ်ဘုရားမနှင့် ပတ်သက်ကြောင်း ဖော်ပြပေသည် ။ ယင်းနတ်ဘုရားမသည် နံနက်ခင်း နှင်းဦးနှင်းပေါက်များကို ကျစေသူဟု ရှေးက ယုံကြည်ခဲ့ကြသည် ။

## အဓိပ္ပာယ်

သီလရှင်ဂိုဏ်းချုပ်ကြီးကတ် ပေါ်ထွက်လာပါက လျှို့ဝှက်ချက် တစ် ရပ်ကို ဖော်ထုတ်ပေးမည် ဖြစ်ပါသည် ။ ဤကတ်က များ သောအားဖြင့် အမျိုးသမီးတွင် သူမ၏ လွှမ်းမိုးမှုအားကောင်းခြင်းကို ဖော်ပြပြီး အမျိုး သားတွင် သူ၏ ဘဝ၌ အရေးပါအရာရောက်ဆုံးသော အမျိုးသမီးကို ကို ယ်စားပြု ဖော်ပြပါသည် ။ ဤကတ်က ဂမ္ဘီရစွမ်းအား စိတ်စွမ်းအားနှင့်

ဘဝင်စိတ် (Unconscious Mind) တို့ ကို ဖော်ပြပါသည် ။ ယင်းက မှတ်ဉာဏ်၊ အကြားအမြင်ရခြင်းတို့ နှင့် ဆက်စပ်နေပါသည် ။ ပင်ကိုဗီဇစိတ်ပေါ် ယုံကြည်အားကိုးသင့်ကြောင်း ဖော်ပြပါသည် ။

## ပြောင်းပြန်အဓိပ္ပာယ်

စီမံချက်မှန်သမျှ လှိုဖျက်ရန်သူများ (သို့) လှို့ဖျက် အနှောင့်အယှက်များကြောင့် နှောင့်နှေး သွားရမည်ကို ဖော်ပြပါသည် ။ အပြုအမူ အပြောအဆို ဆင်ခြင်ပါ။

******




ဧကရီ ဘုရင်မကြီးကတ်

THE EMPRESS

ကတ်- (၃)

သောကြာဂြိုလ် စိုးမိုးသည်။

ဧကရီ ဘုရင်မကြီးကတ်သည် တားရော့- အဓိက ကတ်များ တွင် (၃) ခု မြောက်၊ နံပတ်စဉ်တွင် ရှိသည် ။

(၃)ဂဏာန်းသည် ပေါင်းစပ်ဆင်ခြင် စဉ်းစားခြင်းနှင့် သဟဇာတဖြစ်ခြင်း၊ သားသမီး မွေးဖွားခြင်းနှင့် ပစ္စည်းဥစ္စာ ထုတ်လုပ်ခြင်းတို့ ကို ဖော်ပြပါသည် ။

ဧကရီဘုရင်မကြီးကတ်သည် မြေပထဗျာမိခင်ကြီး မျိုးပွားပေါက်ဖွားခြင်း၊ ဂရုစိုက်ခြင်း၊ စည်းစိမ်နှင့် ကြွယ်ဝမှုတို့ ဝန်းရံတည်ရှိခြင်းတို့ ကို ဖော်ပြပါသည် ။ သူမ၏ သရဖူသည် ကြယ်ဆယ်နှစ်ပွင့် ဝန်းရံထားပြီး ယင်းက ရာသီ (၁၂)ပါး တို့ ကို ကိုယ်စားပြုဖော်ပြပါသည် ။ သူမကို ယင်းအတွက် ကြယ်စင်ခသော သရဖူရှင်၊ ဧကရီရှင်မကြီးဟု ခေါ်ရပါသည် ။ သူမကိုယ်တိုင်ပင် မိုးသောက်ကြယ် ဖြစ်လေသည် ။ ယင်းက သောကြာနတ်ဘုရားမနှင့် ပတ်သက်ပြီး "မိုးသောက် ကြယ်" ၏ အရှင်မ ဖြစ်ကာ ချစ်ခြင်းမေတ္တာကို စိုးပိုင်သူ ဖြစ်သည် ။ ယင်းသည် သီးပွင့်ခြင်း နှင့် ရိတ်သိမ်းခြင်းတို့ နှင့် ဆက်စပ်သော နတ်ဘုရားမဖြစ်ပါသည် ။

## အဓိပ္ပာယ်

ဤကတ်သည် ပေါများ ကြွယ်ဝခြင်း ရုပ်ဝတ္ထုပစ္စည်းများ နှင့် မိသားစု သက်သောင့်သက်သာ နေရခြင်း၊ လုံခြုံစိတ်ချရခြင်းနှင့် အကာအကွယ်ရခြင်းတို့ ကို ဖော်ပြပါသည် ။ ယင်းသည် ရုပ်ဝတ္ထုပစ္စည်းနှင့် သက်ဆိုင်သော ကတ်ဖြစ်ပြီး သားသမီးမွေးဖွားခြင်းနှင့် မိခင်ဘဝတို့ ကို အထူးသဖြင့် ဖော်ပြပါသည် ။ ထို့ပြင် ပြုစုပျိုးထောင်ပေးခြင်း

စိုးရိမ်စိတ်ကိုပြေပျောက်စေခြင်း အနာဂတ် တိုးတတ်ရေးအတွက် ခိုင်မာသော အခြေခံကို တည်ဆောက်ခြင်းတို့ ကို ဖော်ပြပါသည် ။ ဤ ကတ်သည် နွေဦးရာသီနှင့် လည်း ပတ်သက်ပါသည် ။

## ပြောင်းပြန်အဓိပ္ပာယ်

အလွန်အကာအကွယ်ပြုလွန်းခြင်း၊ နိုင့်ထက်စီးနင်းပြုခြင်း၊ စိတ်ဒုက္ခပေးခြင်း၊ ဆင်းရဲ ဒုက္ခရောက်ခြင်းတို့ ကို ဖော်ပြပါသည် ။ ပြဿနာ တစ်ရပ်အနေနှင့် ကားကိုယ်ဝန်တည်စေနိုင်ကြောင်း ဖော်ပြပေးပါသည် ။

******




ဧကရာဇ်ဘုရင်ကြီးကတ်

THE EMPEROR

ကတ် (၄)

မိဿရာသီကို စိုးမိုးသည်။

ဧကရာဇ်ဘုရင်ကြီးမှာ အလယ်ခေတ် တော်ဝင်အမျိုးသားကြီး တစ်ဦးဖြစ်သည် ။ မိမိကိုယ်ကို ယုံကြည်ခြင်း၊ ဆန္ဒပြည့်ဝခြင်းတို့ ကိုဖော်ပြသည် ။

သရဖူဆောင်းထားပြီး အထူးမွမ်းမံ ပြုလုပ်ထားသော ဝတ်ရုံကြီးကို ဝတ်ဆင်ထားသည် ။ သူ၏ လွှမ်းမိုးထားသည့် နယ်ပယ်ကို သုံးသပ်နေဟန်ရှိသည် ။ သူ၏ ခြေထောက်တွင် တော်ဝင်သိန်း ၄က်ပုံပါသောလွှား ကိုတပ်ဆင်ထားပြီး ယင်းကလောကကြီးကို လွှမ်းမိုးခြင်းနှင့် ရည်မှန်းချက် ကြီးမားခြင်းတို့ ကို ဖော်ပြလေသည် ။ လက်များကို ဆိတ်ခေါင်းများဖြင့် အလှဆင်ထားသော ပုလ္လင် ထက်တွင် တင်ထားလေသည် ။ ဧကရာဇ်ဘုရင်ကြီးသည် ဆိတ်ဦးခေါင်းပါသည့် တန်ခိုး အာဏာ၏ အထိမ်းအမှတ် ကျိုင်းတံကို ကိုင်ဆောင်ထားသည် ။ ယင်းကမိဿရာသီကို ဆက်စပ်သင်္ကေတ ပြုဖော်ပြပြီး ယင်းမှာ ဤကတ်က စိုးမိုးဖော်ပြသော ရာသီ ဖြစ်သည် ။

မျက်နှာကို ဘေးဘက်သို့ လှည့်ထားလေသည် ။ ယင်းကဧကရာဇ်ဘုရင်ကြီးသည် ဘဝ၏ တစ်ဖက်ခြမ်းနှင့် သာ သက်ဆိုင်သည် ကို ဖော်ပြသည် ။ အမျိုးသမီးများ တွင် ယင်းကတ်က ဖခင်ကဲ့သို့ လွှမ်းမိုးနိုင်သည့် အရေးပါသော အမျိုးသားကြီးတစ်ဦးကို ဖော်ပြပါသည် ။

## အဓိပ္ပာယ်

ဂုဏ်သိက္ခာမြင့်မားခြင်း၊ ရည်မှန်းချက်ပြည့်ဝခြင်း၊ လိုအပ်သောကူညီပေးနိုင်မည့် အရှိန်အဝါရှိသော ပုဂ္ဂိုလ်၊ ချမ်းသာသူနှင့် သြဇာကြီးမားသူ။ ဤကတ်သည် အမျိုးသား ကိုကိုယ်စားပြုဖော်ပြပြီး အခြေအနေ (ဝါ ) ပြဿနာတစ်ရပ်ရပ်ကို ကောင်းစွာ ထိန်းချုပ်စီမံနိုင်သူ ဖြစ်ကြောင်း

ဖော်ပြသည် ။ အမျိုးသမီးဆိုပါက သူမ၏ ခင်ပွန်း (သို့) ဖခင်ကိုဖော် ပြသည် ။

## ပြောင်းပြန်အဓိပ္ပာယ်

ဖိစီးနှိပ်စက်လိုသောသဘော၊ အရှိန်အဝါကို တလွဲအသုံးချခြင်း၊ရည်မှန်းချက် မပြည့်ဝခြင်း၊ ဘဝအဆင့်မြင့်မားလိုမှု၊ မထမြောက်ခြင်း။

******




ရဟန်းမင်းကြီးကတ်

THE HEIROPHANT OR HIGH PRIEST OR POPE

ကတ်-(၅)

ပြိဿရာသီကို စိုးမိုးသည်။

ရဟန်းမင်းကြီးကတ်သည် ၊ သီလရှင်ဂိုဏ်းချုပ်ကြီးကတ်နှင့် အပြန်သဘော (ဆန့်ကျင်ဖက် သဘော) ဖြစ်သည် ။ အမှတ် (၂) သီလရှင်ဂိုဏ်းချုပ်ကြီးကတ်သည် ထိုးထွင်းသိမြင်သော အသိဉာဏ်ပညာကို ဖော်ပြသော်လည်း ၊ ရဟန်းမင်းကြီးကတ်က လူ့ကျင့်ဝတ်ဥပဒေ အယူအဆပေါ်တွင် ပို၍ မူတည်နေပါသည် ။ ဤကတ်၏ အမည်သည် ပင် "ပရီးစ် (Priest) ဟူသည့် ရှေးဂရိဝေါဟာရနှင့် ဆက်စပ်ဖြစ်ပေါ်လာခြင်း ဖြစ်သည် ။

ဤကတ်သည် ဧကရာဇ်ဘုရင်ကြီးကတ်ကဲ့သို့ ဖခင်၏ သဘောကို ဆောင်ယူထားပါသည် ။ သို့သော် ဤကတ်တွင် ရုပ်သဘောထက်၊ နာမ်ဝိညာဉ်သဘောဖက် ကိုင်းညွတ်ပါသည် ။ သရဖူ သုံးဆင့်ကို ဆောင်းထားခြင်းက မြင့်မြတ်ခြင်း၊ အသိပညာနှင့် ရုပ်လောကတို့ ကို သရုပ်ဖော်ပြပါသည် ။ ခရစ်ယာန်တို့ ၏ ဝေါဟာရတွင် ယင်းတို့ ကို အဖဘုရား၊ သားဘုရား၊ သန့်ရှင်းသော ဝိညာဉ်တော် (Holy Spirit) ဟု ဖော်ပြပါသည် ။


## အဓိပ္ပာယ်

ဤကတ်က အသိဉာဏ်ကြီးမားခြင်းနှင့် အကြံဉာဏ်ကြီးမားခြင်း၊ ခွင့်လွှတ်နိုင်ခြင်း၊ သက်သောင့်သက်သာရှိခြင်းတို့ ကို ဖော်ပြပါသည် ။ ယုံကြည်မှုဖြင့် လွှမ်းမိုးမှုပြုခြင်းနှင့် သိစိတ်၏ စွမ်းအားတို့ ကိုလည်း ဖော်ပြပါသည် ။ ရဟန်းမင်းကြီးကတ်သည် ၊ ဆရာနှင့် စိုးမိုး အုပ်ချုပ်သူတို့ ကို၊ ကိုယ်စားပြုဖော်ပြပါသည် ။ ဤကတ်သည် အကြံဉာဏ်ကောင်းကို ပေးနိုင်သည် ။

## ပြောင်းပြန်အမိပွာယ်

မကောင်းသော အကြံဉာဏ်၊ စိတ်ရှုပ်ထွေး တွေဝေခြင်း၊ ဖရိုဖရဲဖြစ်ခြင်း၊ ယုံကြည်မှုနှင့် ကမောက်ကမနိုင်သော အပြုအမူကြောင့် ပြဿနာဖြစ်ရခြင်း၊ ပို၍ အပြုသဘော ဆောင်ပါက လူတစ်ဦးသည် အတိတ်ကလုပ်ဆောင်ခဲ့သည့် အပေါ် အညွှန်းမပြုဘဲ ကိုယ်ပိုင်စည်းမျဉ်းကိုချမှတ် လုပ်ဆောင်ခြင်းကို ဖော်ပြပါသည်။

******




ချစ်သူများကတ်

THE LOVERS

ကတ်-(၆)

ဤကတ်သည် စိတ်ခံစားချက်ပြင်းပြခြင်းကိုဖော်ပြသည်။ မစဉ်းစား

မဆင်ခြင်ခြင်း၊ နှလုံးသား၏ စေစားရာအတိုင်း ရွေးချယ်ခြင်းကို ဖော်ပြသည် ။ ခေတ်ဟောင်းကတ်ထုတ်များ တွင် ဤကတ်ကို အမျိုးသမီးနှစ်ကြား၌ ဆုံးဖြတ်ချက်ချရန်ရှိနေသည့် လုလင်ပျိုတစ်ဦးနှင့် အထက်ပိုင်း တွင် မြားနတ်မောင်နတ်သားက မြားကိုပစ်ရန် ချိန်ရွယ်နေခြင်းပုံဖြင့် ဖော်ပြလေ့ရှိခဲ့သည် ။ နောက်ပိုင်းကတ်ထုပ်များ တွင် မြားနတ်မောင်နတ်သားနေရာတွင် မီးဓာတ်သခင်၊ သူတော်စင် နတ်မင်းကြီး စိန့်မိုက်ကယ်လ်အား အစားထိုးထည့်သွင်းခဲ့ကြသည် ။ ယင်း၏ အောက်ဘက်တွင် အာဒမ်နှင့် ဧဝတို့ ကို အသိပညာသစ်ပင်နှင့် အတူအသိပညာ ပြည့်ဝရရှိပြီး ပုံအား ဖော်ပြထားသည် ။ သို့သော် ပုန်းကွယ်ဖြားယောင်းသော မြွေကိုလည်း သစ်ပင်တွင် ရစ်ပတ်၍ တွေ့ရှိရပေသည် ။

ဤကတ်က၊ လူသား၏ နှလုံးသားစွမ်းအင်၊ ဆွဲဆောင်မှု စွမ်းအင်နှင့် တစ်ဦး၏ ဆန္ဒနှင့် နက်ရှိုင်းသော စိတ်ခံစားချက်ကို နားထောင်ရန်လိုကြောင်း ဖော်ပြပါသည် ။

## အဓိပ္ပာယ်

ဆုံးဖြတ်ရမည့် အခြေအနေတစ်ရပ်ကို ရောက်ရှိခြင်း၊ တာဝန်ထက် စစ်မှန်သော ဆန္ဒဖြင့် ရွေးချယ်ရမည့် အရေးကြီးသောကိစ္စတစ်ရပ်တွင် ပါဝင်သူများ ၊ စိတ်ပြောင်းလဲခြင်းဖြင့် ပို၍ ပျော်ရွှင်မှု ကြုံရမည့် ကာလကို ရရှိခြင်း၊ ချစ်ခြင်းမေတ္တာ၊ ပြန်လည်သင့်မြတ်ခြင်းနှင့် အာသာဆန္ဒ။ ပုဂ္ဂိုလ်ရေးဘဝ (သို့) စီးပွားရေးတွင် ပျော်ရွှင်စွာ ဆက်ဆံပေါင်းသင်းရခြင်း။

ပြောင်းပြန်အဓိပ္ပာယ်

မပျော်ရွှင်ရသော အချစ်ရေးကိစ္စ၊ လူတစ်ဦး၏ စိတ်တွင်းမှ ပျောက်ပျက်ရခြင်း၊ မဖြစ်ချင်သော ကွဲကွာရမှု၊ စိတ်ဓာတ်ရေးရာ အကျဆုံးရှုံးမှုကြုံရခြင်း။

******




စစ်ရထားကတ်

THE CHARIOT

## ကတ် (၇)

## ကရကဋ်ရာသီကို စိုးမိုးသည်။

သရဖူဆောင်းထားသော အောင်နိုင်သူသည် စစ်ရထားတွင်း၌ မတ်မတ်ရပ်နေပြီး သူ၏ အထက်တွင် ဗိမာန်ကို တွေ့ရသည်။ စစ်ရထားကိုမနုဿီဟ နှစ်ကောင်က ဆွဲထားပြီး ယင်းက အနာဂတ်၏ လျှို့ဝှက်နက်နဲမှုအပြင် အပြုနှင့် အဖျက်အားများက ကျွန်ုပ်၏ ဘဝများကို ဆွဲငင်လျက်ရှိသည် ကို ဖော်ဆောင်ပြပါသည်။

ဤကတ်နှင့် ရှေးရောမတို့ အောင်ပွဲခံခြင်းသဘောမှာ ယေဘုယျအားဖြင့် ဆက်စပ်မှုရှိသည်။ သို့သော် ဤနေရာတွင် သတိပေးချက် သဘောတစ်ရပ်ကို ဆောင်နေသည်။ အောင်နိုင်သူ၏ နောက်တွင် ကျွန်တစ်ဦးက တီးတိုးစကားဆိုနေ၏။

"နတ်ဘုရားများ ၏ မနာလိုခြင်းအတွက် ဂုဏ်ယူဖွယ်ရာမဟုတ်" အခြင်း စကားရပ်အနေနှင့် မသိနားမလည်သော အောင်မြင်မှုအတွက် နှစ်ထောင်းအာရဖြစ်ဖွယ်ရာ မရှိပါချေ။ ရိုမန်အင်ပါယာ အချို့ကား ယင်း၏ တန်ဖိုးကို တွေ့ရှိခဲ့ရပြီ ဖြစ်သည်။

### အဓိပ္ပာယ်

အခက်အခဲများကို ကျော်လွှားကာ အောင်မြင်ခြင်း၊ အောင်ပွဲရခြင်း၊ ကြီးကျယ်သောအရာ များကိုရရှိနိုင်စေအောင် တွန်းအားပေးသည့် ကံတရား၊ ခရီးသွားရခြင်း၊ လူပ်ရှားရွေ့လျားရခြင်း၊ အကောင်းမြင်ခြင်းနှင့်

ရည်ရွယ်ချက်ကို အသစ်တစ်ဖန် ပြောင်းလဲပစ်ခြင်း၊ မိမိကိုယ်ကို လေးစား နိုင်ခြင်းနှင့် အောင်မြင်မှု ခံစားရခြင်း၊ မထင်မှတ်ထားသော သတင်းကောင်းကြားရခြင်း။

## ပြောင်းပြန်အဓိပ္ပာယ်

အထိန်းအချုပ် ကင်းမဲ့ခြင်း (ဝါ) စည်းလွတ်ဘောင်လွတ်ဖြစ်ခြင်း၊ မသိမိုက်မှား ခြင်း၊ စိတ်ထားမကောင်းခြင်း၊ ခရီးသွားရန်မှားယွင်းစွာ စီစဉ်မိခြင်း၊ ခေတ္တမျှ တုံ့ဆိုင်းခြင်းနှင့် ယာယီစိတ်ပျက်စရာများ နှင့် ကြုံရခြင်း။

******




ခွန်အားကတ်

STRENGTH

ကတ် (၈)

သိဟ်ရာသီကို စိုးမိုးသည်။

ခွန်အားကတ်တွင် ခြင်္သေ့၏ ပါးစပ်ကို ဆွဲဟနေသော အမျိုးသမီးတစ်ဦး၏ ပုံဖြင့် သရုပ်ဖော်ပြထားသည် ။ ဤအချက်က ရဲစွမ်းသတ္တိရှိခြင်းနှင့် ခံနိုင်ရည်ရှိခြင်းတို့ ကိုဖော်ပြပါသည် ။ အထူးသဖြင့် အမျိုးသမီးသည် မည်သည့် အကာအကွယ်မှ ဝတ်ဆင်မထားသည် ကို တွေ့ရပေမည်။ သို့သော် ယင်းသို့ လုပ်ဆောင်မှုက သူမအား သိမ်မွေ့ခြင်း၊ ခိုင်မြဲခြင်းဖြင့် ဆန္ဒပြည့်ဝခြင်းကို ဖော်ပြပေးပါသည် ။ သူမ၏ ဆုံးဖြတ်ချက်အတွက် ခြင်္သေ့ကို စွန့်ခွာမည်မှာ သေချာပါသည် ။

ဤကတ်က သိပ်ရာသီကို စိုးမိုးဖော်ပြပြီး ဂုဏ်သိက္ခာ ယုံကြည်စိတ်ချရမှု၊ ရိုးဖြောင့်မှု နှင့် ရည်ရွယ်ချက်အတွက်စွဲမြဲသော သံဓိဋ္ဌာန်ချထားမှု တို့ ကို ဖော်ပြသည် ။

ဤကတ်က နေထိုင်မကောင်းဖြစ်ခြင်း (ဝါ) အခြားသော အခက်အခဲ တစ်စုံတစ်ရာမှ ကျော်လွှားလွန်မြောက်နိုင်ခြင်းကိုဖော်ညွှန်းပြပါသည် ။ ယင်းက သင် ကြောက်ရွံ့နေသည့် တိုင်အောင် အခြေအနေ တစ်ရပ်ပေါ် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကျော်လွှားနိုင်မည်ကို ဖော်ပြပါသည် ။ အခြေအနေ မည်သို့ရှိစေ မြဲမြံခိုင်ခံ့သော လုပ်ဆောင်မှုနှင့် အမှန်တရားပေါ်တွင် မြဲမြံစွာ ရပ်တည်လိုမှုရှိခြင်း တို့ ကိုလည်း ဖော်ပြပါသည် ။

## အဓိပ္ပာယ်

ကာယစွမ်းအား၊ ရဲစွမ်းသတ္တိ အပြည့်ဖြင့် အနိုင်ယူခြင်း၊ ရန်သူများပေါ် အောင်မြင် ကျော်လွှားနိုင်ခြင်း၊ နေထိုင်မကောင်းဖြစ်က အလျင်အမြန် နာလန်ထနိုင်ခြင်း၊ မျှတသော ယှဉ်ပြိုင် တိုက်ခိုက်မှု။

**ပြောင်းပြန်အဓိပ္ပာယ်**

သူရဲဘောကြောင်ခြင်း၊ ကြောက်ရွံ့ခြင်း၊ မသင့်လျော်သောနည်းဖြင့် ချေမှုန်းခံရခြင်း (ဝါ) ပေးလိုက်ရခြင်း၊ မိမိ၏ ကြောက်စိတ်ကို ကျော်လွှားနိုင်ရန် မဖြစ်မနေ လိုအပ်ခြင်း။

******